မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

# လူထု ဗဟိုပြု စီမံကိန်း

"ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု"

## ကျား၊ မ တန်းတူ ညီမျှရေး

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီမံချက်ဧရိယာအတွင်းရှိ အမျိုးသမီးအားလုံးသည် အခြေခံအားဖြင့် ကျေးရွာအစည်းအဝေးများတွင် တန်းတူတက်ရောက်ခြင်း၊ ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင် အကြံပေးခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကူညီခြင်း၊ တူညီသောလုပ်ငန်းတွင် တူညီသော လုပ်အားစိုက်ထုတ်မှုနှင့် ပြီးစီးမှုပမာဏအတွက် အမျိုးသားများနှင့်တန်းတူ လုပ်ခလစာ ရရှိခြင်းများဖြင့် ကျား၊ မ တန်းတူ အခွင့်အရေး ရရှိမှာ ဖြစ်ပါတယ်။



ကျေးရွာအစည်းအဝေး ကျင်းပတဲ့အခါ အမျိုးသမီးတွေလည်း တက်ရောက်ပြီး ဝင်ရောက်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။



အမျိုးသမီးသီးသန့် အစည်းအဝေး ကျင်းပပြီး အမျိုးသမီးအဖွဲ့တွေရဲ့ လိုအပ်ချက်နဲ့ အမြင်တွေကို မေးမြန်းဆွေးနွေးပါမယ်။



စေတနာ့ဝန်ထမ်းအဖြစ်၊ ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိမှာ ဖြစ်သလို ကော်မတီ ဖွဲ့စည်းရာမှာလည်း ကျားမ အချိုးညီမျှစွာ ဖွဲ့စည်းမယ်။



စီမံကိန်းလုပ်ငန်းတွေ ရွေးချယ်ရာမှာ ကဏ္ဍအသီးသီးအလိုက် ပါဝင်အကြံပြု ဆွေးနွေးကြမှာဖြစ်ပါတယ်။ အမျိုးသမီးများ အနေဖြင့်လည်း မိမိတို့ရဲ့ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြမှာ ဖြစ်ပါတယ်။



အလုပ်လုပ်ပိုင်ခွင့် အညီအမျှ ရရှိပြီး တူညီတဲ့လုပ်ငန်းအတွက် လုပ်ခလစာ တန်းတူ ရရှိမယ်။



စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပါဝင်လာအောင် ပြောပြမယ်၊ လက်တွဲခေါ်မယ်။

"ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု"

Poster-2 : GHM-P.7.6.1

IDA Grant No: H814-MM